# ဂျင်ဂျာ

ပန်းမဟုတ်သော

# ပန်းတစ်ပွင့်အကြောင်း



# အခန်း (၁)

သူ့ခြေလှမ်းများ မြေကြီးကို စတင်ထိတွေ့ချိန်မှာ တော့ အမည် မဖော်တတ်သော ခံစားရသည့် အစိုင်အခဲများ ဝင်လာသည် ။ မရောက်တာကြာပြီ ဖြစ်တဲ့ ငယ်ရပ်ဇာတိကို သူလူမှန်း သိတတ်စလူလို့ မိမိကိုယ်ကို သတ်မှတ်ပြီးပြီမှ ပထမဦးဆုံးသော ပြန်လာခြင်း ဖြစ်ပါသည် ။ နေရာဒေသငယ် ဇာတိမြို့ကလေး ကတော့ ဘာမှ မပြောင်းလဲပါ။ ပြောင်းလဲသွားတာက သူနှင့် သူ၏ ဆိုးဖော်ဆိုးဖက် ငယ်သူငယ်ချင်း များ ပင်ဖြစ်တော့သည် ။

မြို့ကလေးကတော့ သူ့ကို နွေးထွေးစွာ လက်ယပ် ကြိုဆိုနေသည် ။ မြို့ကလေးသည် သူ့ကို လွမ်းကြောင်း သတိရကြောင်းများ ပြောနေသည် ။ သူကသာလျှင် မြို့ကလေးကို တမင်တကာ မေ့ထား သည် ကိုတော့ သူသာလျှင် သိပေမည်။

ကြိုတင်တွက်ဆလို့ မရသော် မထင်မှတ်ထားသည့် အကြောင်းအရာများ သည် သူ၏ စိတ်များကို အများကြီး ပြောင်းလဲစေခဲ့သည် ။ သူ တစ်ယောက်တည်းတော့ မဟုတ်ခဲ့ပါ။ သူနှင့်အတူ သူ၏ အပေါင်းဖော်များ သည် လည်း ပြောင်းလဲစေခဲ့ပြီ။

"ကိုလေး လာပြီ ကိုလေး ဒေါ်ကြီးမယ် ဒီမှာ ဒီမှာ "

ငယ်ငယ်ကတည်းက ရိုကျိုးစွာ နေလာခဲ့သော ဒေါ်ကြီးမယ်ကတော့

ဘယ်လိုပဲသင်သင် မပြောင်းလဲ ခေါ်ခဲ့သော သူ့အား ယခုချိန်ထိလည်း ကိုလေးပင် ခေါ်နေတုန်းပင် ဖြစ်သည် ။ သူ ဒေါ်ကြီးမယ် အနားသို့ ပြုံးပြုံးလျက် သွားလိုက်သည် ။

"ဒေါ်ကြီးမယ် နေကောင်းတယ်နော်"

"ကောင်းပါ့တော် ကောင်းပါ့ ဒေါ်ကြီးတို့ ကသာ သတိရ လွမ်းနေတာပါတော်၊ ဒေါ်ကြီးတို့ ကိုတော့ ဖုတ်လေသည့် ငပိ ရှိလေတယ်လို့တောင် မထားတော့ အဟင့်"

"အို မဟုတ်တာ ဒေါ်ကြီးရာ လမ်းလယ်ကြီးမှာ လူတွေနဲ့ မရှက်ဘူးလား၊ ကလေးလေး ကျနေတာပဲ ငိုနေတာ၊ ကျွန်တော်လည်း လွမ်းတာပေါ့ဗျာ"

"လွမ်းတယ် ဟုတ်လား၊ လွမ်းရင်တော့ ပြန်လာသင့်တာပေါ့၊ အနည်းဆုံး တစ်နှစ် တစ်ခေါက်လောက်၊ ခုတော့ဖြင့် ဆရာဝန်ကြီး ဖြစ်မှ ပြန်လာခဲ့တယ်ပေါ့လေ"

"ဩော် ဒေါ်ကြီးရယ်"

သူ ဒေါ်ကြီးမယ်ကို ဖက်ပြီး နှစ်သိမ့်ကာ သူ ဖြေသိမ့်စေသည် ။ ဒေါ်ကြီးမယ် ပြောလည်း ပြောချင်စရာ၊ သူနှင့် အပေါင်းပါတွေ အားလုံး ဒီမြို့မှ ခွာခဲ့ကြသည် ။ တစ်နေရာ တစ်ဒေသဆီတွင် ကျင်လည်နေကြပြီး ဖြစ်သည် ။ ထိုအကြောင်းရာများကို ဒေါ်ကြီးမယ် မသိမဟုတ် အားလုံး သိခဲ့သည် ဖြစ်ပါသည် ။

လမ်းတစ်လျှောက် ဒေါ်ကြီးကတော့ သူ့အား မည်သို့လွမ်းသည် ၊ လွမ်းကြောင်းများကို စကားဖွဲ့ကာ ပြောပြသည် ။ အဖေနှင့် အမေသည်လည်း သူ့အား လွမ်းနေသည့် အကြောင်းများကတော့ ထပ်ကာနေသည်

။ အမေနှင့် အဖေသည် သူ့အား လွမ်းနေမည် ဆိုသည် ကို အတတ်သိပါသည် ။

ကျောင်းတက်နေစဉ် တစ်လျှောက်လုံးတွင် အကြောင်း အမျိုးမျိုးပြကာ သူ့ဆီသို့ တစ်ပတ်တစ်ခါ ရောက်အောင် လာတတ်ကြသည် ။ ခုတော့ အဖေ့ ကျန်းမာရေးကြောင့် သူ ပြန်လည် ရောက်ရှိခဲ့သော ဒီမြို့လေးကို အပြစ်မကင်းသူ သူ့အတွက်တော့ မွေးရပ်ဇာတိလေးသည် နွေးထွေးစွာ ကြို ဆိုသော်ငြားလည်း အရာအားလုံးဟာ တိတ်ဆိတ်နေသလို ခံစားရသည် ။

အိမ်၏ ခြံထဲသို့ ဝင်လိုက်တော့ အရင် ၁၀ နှစ်ကလို သာယာပျော်ရွှင်ဖွယ် မကောင်းဘဲ တိတ်ဆိတ်ကာ နေသည့် ခြံဝင်းကြီးက သူ့အား ခြောက်သွေ့စွာ ပြုံးပြနေသည် ။

သူ အိမ်ထဲကို တစ်ယောက်တည်း ဝင်လိုက်သည် ။ ဒေါ်ကြီးနှင့် အိမ်အကူလေးများက သူ့အိတ်များကို ယူကာ သူ၏ အခန်းထဲသို့ ယူဆောင်သွားကြသည် ။ သူ့ခြေလှမ်းများက  အဖေနှင့်အမေ အခန်းသို့ ဝင်လိုက်သည် ။

အဖေသည် ခုတင်ပေါ်တွင် မှိန်းနေပြီး အမေက ဘုရားစာအုပ်လေး ဖွင့်ကာ အဖေ့ကို အသံထွက် စာဖတ်ပြနေသည် ။ သူ တိတ်တဆိတ် ဝင်လိုက်ပြီး အမေကို ဖက်ကာ နမ်းလိုက်သည် ။ အမေကတော့ စာဖတ်မပျက်ဘဲ သူ့အား ဖတ်လျှက် ဆီးကြိုသည် ။ သားတစ်ယောက်၏ သူ့အမေလက်သည် အရင်လို သန်မာ မနေတော့ အနည်းငယ် ပျော့ပျောင်းနေသည် ။

အမေ၏ လက်များ သည် အိုမင်းသွားသည့် လက်ချောင်းကလေးများက အရင်လို မလှပတော့ အနည်းငယ် ခြောက်သွေ့နေသော အမေ့လက်

များ သည် အရင်လို သွေးရောင် သန်းမနေတော့ပါ။ အဖေနှင့် အမေကို သူ ထိုင်ကာ ကန်တော့လိုက်ပြီး မနှောင့်ယှက်ဘဲ အသာအယာ အခန်းအပြင်သို့ ထွက်လာလိုက်သည် ။

ခြေလှမ်းများက အိမ်၏ ဧည့်ခန်းသို့ ဖြတ်ပြီး မိမိ အခန်းသို့ အကူးတွင် ဧည့်ခန်းတွင် ချိတ်ထားသော မိသားစု ဓာတ်ပုံကလေးသည် သူ့အား ပြုံးကာ ကြည့်နေသည် ။ သူ ထိုဓာတ်ပုံလေး အနားသို့ တိုးကာ သွားကြည့်ပြီး တယု တယ လက်ဖြင့် ပွတ်သပ်ကာ ကြည့်နေမိသည် ။

ဓာတ်ပုံထဲက ကောင်လေး နှစ်ယောက်ကတော့ သူ့အား ပြုံးပြလျှက် ကြည့်နေသည် ။ သူ့မျက်ဝန်းမှ မျက်ရည်ဥများ သီးကာ ဝေ့ဝဲ လည်လာပါတော့သည် ။

"ကိုလေးက ညီ့လိုမျိုး အသားလည်း မဖြူဘူးနော် တကယ်ဆို ကိုလေးကမှ မွေးစားသားဖြစ်ရမှာ သားက အမေတူလေ ဒါကြောင့် အသားဖြူတာ"

ထိုသို့သော စကားအရာမှာ အနိုင်ယူတတ်သော ညီငယ်လေးကို ပြန်ပြောင်းကာ သတိရမိသည် ။

"ညီငယ်ရယ် ဒီအချိန်မှာ မင်း ရှိနေရင်လေ ကိုလေး မေးချင်ပါတယ်၊ ကိုလေးကို အရင်လိုပဲ ချစ်တုန်းလားလို့ "

***

"သား လာခဲ့ ဒီမှာ သားအတွက် ညီလေးတစ်ယောက် ခေါ်လာတယ်၊ ဖေဖေတို့ မေမေတို့ နဲ့ အတူတူနေမှာ "

"သူက သားအတွက် အရုပ်လေးလား ဒါဆို သား သူနဲ့ ဆော့လို့ ရတယ်ပေါ့"

သူ ပြောလိုက်တော့ ကောင်လေးသည် အဖေကို တွဲထားသောလက်ကို ကိုင်ပြီး သူ့အား ချောင်းကြည့်သည် ။ သူ ၆ နှစ်သားတွင် ဖေဖေသည် ကောင်လေး တစ်ယောက်ကို လက်တွဲလျက် အိမ်ပေါ် ခေါ်လာသည် ။ ကောင်လေးသည် ရောက်ကာစ နေ့ကတော့ ညစ်ပတ် ပေတေနေသော အင်္ကျီလေးကို ဝတ်လျက် သူ့အား မဝံ့မရဲ ကြည့်ရှာပါသည် ။

အစပထမတွင် တော့ သူ ပျော်ရွှင်ခဲ့ရပါသည် ။ မိမိနှင့် သက်တူရွယ်တူ ဆော့ဖော်ဆော့ဖက် ရောက်လာသည့်အတွက် ပျော်ရွှင်ခဲ့ပါသည် ။

"သူ့နာမည်က ညီညီငယ်တဲ့ သားရဲ့ ညီလေးပဲ သား၊ ဒါ သားကိုကိုပဲ သူကတော့ ကိုကိုလေးတဲ့ မှတ်ထားနော်"

"ဟုတ်"

အိမ်တွင် ဖေဖေ၊ မေမေနှင့် ဖေဖေ့ညီမငယ် ဒေါ်လေးတို့ နှင့် သူနေသော မိသားစုထဲသို့ လက်သေးသေးလေး ကောင်ငယ်လေး တစ်ယောက် ရောက်လာတော့ အိမ်တစ်ခုလုံး ဆူညံ ပွက်လောရိုက်ကာ ပျော်ရွှင်ခဲ့ရသည် ။ ဒေါ်လေးက အဆိုးဆုံးပင် ဖြစ်သည် ။

ထိုကောင်လေးသည် မိန်းမချော ချောကာ ကြည့်လှပါသည် ။ မျက်လုံးလေးများက ဝိုင်းကာ ကော့နေပါသည် ။ မိန်းကလေးချစ်သော ဒေါ်လေးသည် သူ့အား မိန်းကလေးလို ပြင်ဆင်ပေးတိုင်း ငြင်းလွှတ်သော သူ့ကို ပစ်ထားကာ ညီညီငယ်အပေါ် ပုံကျသွားတော့သည် ။

ဒေါ်လေး၏ လက်ရာများ သည် ညီညီငယ် အပေါ်သို့ ရောက်နေပါတော့သည် ။ ထို့ကြောင့် သူသည် တဖြည်းဖြည်း ညီညီငယ်အပေါ် မနာ

လို ဝန်တိုစိတ်များ ကြီးထွားလာတော့သည် ။ အဆိုးဆုံးက မေမေသည် သူ့အား အရင်လို တစ်ယောက်တည်း ပေါင်ပေါ်တင် မအိပ်ခိုင်းတော့ဘဲ ညီညီငယ်နှင့် မေမေ့ပေါင်ပေါ် မျှကာ ပေးရတော့ သူ ပိုလို့ တောင် ကြည့်မရ ဖြစ်လာတော့သည် ။

ထို့ကြောင့်လည်း ပဲ ညီညီငယ်အပေါ် ကြည့်မရသည့် စိတ်က ကြီးစိုးလာတော့သည် ။ ညီညီငယ်နှင့်သူ အသက်တူတော့ ကျောင်းကို အတူတူတက်ခဲ့ရပါသည် ။ ကျောင်းတွင် ညီညီငယ်သည် လည်း သူ့နည်းအတိုင်း စာကို လိုက်နိုင်သည် ။ စာကြိုးစားမှုသည် သူ့ထက်ပင် ပိုပါသည် ။ သူနှင့် ညီညီငယ် စာတွင် ပြိုင်ဖော် ပြိုင်ဘက် အလိုလို ဖြစ်လို့ လာတော့သည် ။

ထိုအကြောင်းအရာ အစတွေက သူ ညီညီငယ်ကို မုန်းနေသော အစများ ဖြစ်လို့ လာပါတော့သည် ။

ညီညီငယ်က အိမ်တွင် ဆော့သည့်အခါ ဒေါ်လေး အလိုကြိုက်လိုက်ကာ မိန်းကလေးလို ဂါဝန်များ အလှများ ပြင်ကာ ဒေါ်လေးအကြိုက် နေခဲ့သော အမူအရာတွေကြောင့် နည်းနည်း နွဲ့ချင်လာသည် ။ သူသည် ထိုအပြုအမူများကို မကြိုက်ပါ။ ထို အပြုအမူများ ထက် ညီငယ်ကို မနာလိုဝန်တိုစိတ်တွေက ပိုများ နေမည်။ ထို့ကြောင့်လည်း သူ ညီငယ်ကို အမြဲအပြစ်တင်နေခဲ့ပါသည် ။

***

(အထက ပုသိမ်ကြီး မြို့နယ်)

"ကိုလေး ငါ့အတွက်ပါ မုန့်ဝယ်ခဲ့နော်"

"မင်းဟာမင်း သွားဝယ်ပါလားကွ"

"လူတွေ အများကြီးနဲ့ ငါမတိုးချင်လို့ ပါ"

"မတိုးချင်ရင် ငတ်ပေ့ါကွ"

မုန့်စားဆင်းချိန် ညီညီငယ် သူ့အား အကူအညီတောင်းသည် ကို သူ မကျေနပ်ဘဲ လှည့်ထွက်ခဲ့သည် ။ ညီညီငယ်ကတော့ မုန့်ဈေးတန်းတွင် လူတွေကို မတိုးဘဲ ရပ်ကြည့်နေပါသည် ။

ညီညီငယ်သည် လွန်စွာမှ အသန့်ကြိုက်သူဘက်သို့ တစ်ဖက်စွန်း ရောက်နေသည် ဟု သူ ထင်မိသည် ။ ဒါတွေကလည်း ဒေါ်လေး လက်ချက်ပင် မဟုတ်လား။ သူ့ ကျောင်းဝတ် အင်္ကျီများ သည် ကျောင်းက ပြန်လာတိုင်း ချွေးသံတရဲရဲဖြင့် အမြဲ ညစ်ပတ်နေသလောက် ညီညီငယ်ကတော့ သန့်ပြန့်နေပြီး ပြန်လာခဲ့သည် က အမြဲပင် ဖြစ်သည် ။ ဒါတွေကို လည်း သူ မကြိုက်ပါ။ သူတို့ အရွယ်တွေက ဆော့မည် ခုန်မည် ဘောလုံး ကန်ကြမည်။ သို့သော် ညီညီငယ်ကတော့ ကျောင်းခန်းထဲက အပြင် မထွက်၊ ဘာအားကစားမှ လည်း မလုပ် စာအုပ်နှင့် မျက်နှာသည် ဘယ်တော့မှ မခွာဘဲ ကျောင်းခန်းထဲတွင် အမြဲရှိခဲ့သူ တစ်ယောက်ပင် ဖြစ်တော့သည် ။

"မင်းတို့ ညီအစ်ကိုတွေကလည်း မတူလိုက်တာကွာ၊ မင်းကျတော့ မျောက်ရှုံးအောင် ဆော့တယ်၊ ညီညီငယ်ကျတော့ အသေငြိမ်တယ်၊

ပြဒါးတစ်လမ်း သံတစ်လမ်းပဲ"

ကျောင်းမှ သူငယ်ချင်းများကပင် မှတ်ချက်ပေးကာ ပြောဆိုခဲ့ကြသည် ။

"သူက အခြောက် ငါက ယောက်ျား"

ဟု အနိုင်ပိုင်းကာ ပြောဆိုခဲ့သည့် စကားများက ညီညီငယ်ကို အခြောက်ဟု နောက်ပြောင် ခေါ်သည် အထိ ဖြစ်ခဲ့တော့သည် ။

"ဟော့ကောင် အခြောက်လေး ဘာလုပ်နေတာလဲ"

ညီညီငယ်ကို အခြောက်ဟု လာခေါ်သော သူအား ကြည့်လိုက်တော့ ကိုကိုလေး၏ သူငယ်ချင်းဖြစ်သူ မောင်မောင်လတ် ဖြစ်နေသည် ။ မောင်မောင်လတ်ကို ညီညီငယ် ဘုကြည့် ကြည့်လိုက်ပြီး ဘာမှ မပြောတော့ဘဲ မုန့်ဈေးတန်းမှ ထွက်ခဲ့တော့သည် ။ ညီညီငယ်အား အခြောက်ဟု ခေါ်သည် ကို ညီညီငယ် မကျေနပ်ပါ။

"ကိုလေး မင်းသူငယ်ချင်း မောင်မောင်လတ်ကို ပြောဦး၊ ငါ့ကို အခြောက် အခြောက်နဲ့ လာခေါ်နေတာ ငါမကြိုက်ဘူး"

"မင်း မဟုတ်ရင် အနေသာကြီး နေလိုက်ပေါ့ကွ"

"မင်းကို အမေနဲ့ တိုင်မယ်"

အိမ်ရောက်တော့ မေမေ၏ ဆူပူမှုကို သူ ခံခဲ့ရသည် ။

"ညီလေးကို အနိုင်ကျင့်တာကို အစ်ကိုလုပ်သူက ကြည့်နေတယ်တော့ ကောင်းကြသေးရဲ့ လား"

သူကတော့ ညီညီငယ်ကို ပိုလို့ တောင် ကြည့်မရ ဖြစ်လာတော့သည် ။

ထို့ကြောင့်လည်း အမှားများကို သူကိုယ်တိုင် မဟုတ်ခဲ့တောင် ပတ်သက်ခဲ့ဘူးပါသည် ။ ကျောင်းတွင် သူ့အတွက် အပေါင်းအဖော် မရှိခဲ့ပါ။ သူ့အား ပေါင်းသင်းမည့် သူငယ်ချင်းကလည်း ရှားပါသည် ။ အဘယ့်ကြောင့် ဆိုသော် ကိုကိုသည် သူ့အား အမြဲတမ်း နှောင့်ယှက်နေခဲ့သည် ။ အိမ်တွင် ဒေါ်လေးနှင့်သာ အဖော်လုပ်ခဲ့ပါသည် ။ ဒေါ်လေး ပြင်ဆင်ပေးသော မိန်းကလေး အဝတ်အစားများကို သူ နှစ်သက်ခဲ့သည် ။ အလှပ ပြင်တာကို သူ ဝါသနာပါခဲ့သည် ။ ထိုသို့ နေရသည် ကိုပင် ကြိုက်နှစ်သက်ခဲ့သည့် သူကတော့ အိမ်တွင် ပြုလုပ်ပြီး ကျောင်းတွင် တော့ မည်သူနှင့်မှ အပေါင်းအသင်း မလုပ်ဘဲ တစ်ကိုယ်တည်း နေခဲ့သည့်သူအတွက် ပေါင်းသင်း ဆက်ဆံရေးတွင် အားနည်းခဲ့တော့သည် ။

ယခုအခါတွင် တော့ ကျောင်းတွင် ကိုကို၏ ချောက်ချမှုကို မေမေ့အား ပြန်ပြောရန် သူ ကြိုးစားခဲ့သော်လည်း မေမေက သူ၏ စကားကို နားမထောင်ခဲ့ပါ။

"အကြီးပြောတာကို ပြန်ပြောချင်နေတယ်ပေ့ါလေ၊ ဘယ်လိုသန္ဓေက မွေးလာတာလည်း ကို မသိဘူး"

ထိုစကားသည် သူ၏ နုနယ်သော စိတ်ကို ဒါဏ်ရာ ရခဲ့စေသဖြင့် သူသည် မေမေ့အား ပြောမည့်စကားများ မထွက်လာခဲ့တော့၊ ဝမ်းနည်းစွာ ဒေါ်လေးရင်ခွင်ထဲမှာ လဲလျောင်း နေခဲ့ရသည့် ရက်တွေ များ နေခဲ့ပါသည် ။

ထိုသို့ ဖြစ်ခဲ့ရသော အကြောင်းအရာများ မစခင်က ကျောင်းတွင် သူ ပြဿနာတက်ကာ ကျောင်းရုံးခန်းသို့ ရောက်သည့်နှစ်က စတင်ပြီး ဖြစ်ပျက်ခဲ့ပါသည် ။ ပြဿနာ အစကတော့ သူ ခုနစ်တန်းနှစ်တွင် ဖြစ်ပါသည် ။

ကိုကိုနှင့် သူ၏ သူငယ်ချင်း မောင်မောင်လတ်တို့ မှ စတင်ခဲ့သော ပြဿနာပင် ဖြစ်တော့သည် ။

"မင်းညီလေးကို မင်းပြောတော့ ခြောက်နေတာဆို၊ ငါတို့ အမြင်မှာတော့ မခြောက်ပါဘူးကွ"

"မင်းက ငါပြောတာကို မယုံဘူးလား"

"မယုံဘူး"

"မယုံရင် မင်း စမ်းကြည့်ပေါ့"

ထို့နောက် သူတို့ နှစ်ယောက် တိုင်ပင်ကာ ညီညီငယ်ကို စမ်းသပ်ခဲ့ကြသည် ။ ညီညီငယ်သည် ကိုကို့ကို ချစ်ပါသည် ။ ညီအစ်ကို ဒီနှစ်ယောက်လေးပဲ ရှိသည့်အတွက် ပို၍ လည်း တွယ်တာခဲ့သည် ။ ထို့ကြောင့် ကိုကို့ သူငယ်ချင်း မောင်မောင်လတ်ကို ခင်မင်ခဲ့ပါသည် ။ မောင်မောင်လတ်၏ အကြံစည်များကို မသိသည့် ညီညီငယ် ထိုနေ့က အမည်းစက်စိတ်ဒါဏ်ရာ ဖြစ်စေခဲ့တော့သည် ။

"ညီငယ် မင်း မုန့်စားကျောင်းဆင်းရင် ကျောင်းနောက်ဘက်ကို ခဏလာခဲ့ပါလား"

"ဘာလုပ်မလို့ လဲ မောင်မောင်လတ်၊ ဒီမှာ ပြောလည်း ရတာပဲ"

"မရလို့ ပေါ့ ခဏလေးပဲ"

မည်သူမှ မသိအောင် တိုးတိုးတိတ်တိတ် လာမှာ သော မောင်မောင်ကြောင့် သူ မုန့်စားကျောင်း ဆင်းတော့ ကျောင်းနောက်ဘက်သို့ ထွက်လာခဲ့သည် ။ ကျောင်းနောက်ဘက်တွင် မောင်မောင်လတ် စောင့်နေပါသည် ။

သူ မောင်မောင်လတ်ဆီ ရောက်တော့ မောင်မောင်လတ်က သူ့အား မပြောမဆိုဖြင့် ဖက်နမ်းခဲ့သည် ။ သူ ရှန်းချိန် မရလိုက်၊ ရှင်းရှင်း ပြောရလျှင် ထိုအချိန်က သူ့ကိုယ်သူ လိင်တူ၊ လိင်ကွဲ မည်သည့်ဘက်ကို စိတ်အားသန်သည် ကိုပင် ခွဲခြား မဝေဖန်တတ်သေးပါ။ ထိုသို့ နမ်းနေသည်ကို အစအဆုံး မမြင်ဘဲ တစ်ပိုင်းတစသာ မြင်ခဲ့သည့် အတန်းပိုင် ဆရာကြောင့် သူတို့ ရုံးခန်း ရောက်ခဲ့သည် ။

"မင်းတို့ တွေ လူတောင်မဖြစ်သေးဘူး ဒီစိတ်တွေက ရှိနေပြီလား၊ ကျောင်းသိက္ခာလည်း ကျတယ်၊ မင်းတို့ မိဘတွေကို ခေါ်ရမယ်"

"မောင်မောင်လတ် လုပ်တာ ဆရာ"

" မဟုတ်ဘူး ဆရာ ညီညီငယ်က ကျွန်တော့်ကို ခဏ စကားပြောစရာ ရှိတယ်လို့ ပြောလို့ ရောက်ခဲ့တာ သူ့အစ်ကိုလည်း သိတယ်"

မောင်မောင်လတ် ကြောက်ကန်ကန် ငြင်းခဲ့သဖြင့် သူပင် အံ့ဩသွားသည် ။ ကိုကို သိခဲ့သည် ဆို၍ ဖြစ်ပါသည် ။ ကိုကိုသည် မောင်မောင်လတ်ဘက်က အပြည့်အဝ ထောက်ခံခဲ့သဖြင့် သူ့အား အထင်အမြင်လွဲစော်ကားခံခဲ့ရပါသည် ။ အဖေနှင့် အမေလည်း ကျောင်းရုံးခန်းသို့ ရောက်ခဲ့ရသည် ။ ထိုရက်မှ စတင်၍ အမေသည် သူ ဘာပြောပြော အယုံကြည် မရှိတော့၊ စကားများကိုလည်း အလေးနက် နားထောင် မပေးတော့ချေ။ ထိုကျောင်းတွင် တော့ သူ ခေါင်းမဖော်နိုင်အောင် ဖြစ်ခဲ့ရသည် ။ မောင်မောင်လတ်ကတော့ ကျောင်း ပြောင်းသွားခဲ့သည် ။ ကျောင်းပြောင်းရသည့် အကြောင်းရင်းက သူ့ကြောင့်ဟု ပင် ပြောဆိုနေကြတော့သည် ။

ထို နောက်ပိုင်းတွင် သူသည် စကားနည်းလာသည် ။ ကျောင်းတွင်လည်း အပေါင်းသင်း မထားတော့၊ တစ်ယောက်တည်း နေတတ်အောင်

ပတ်ဝန်းကျင်က သူ့အား လမ်းပြပေးခဲ့သည် ။ သူ့အား ပေါင်းသင့်မည့် သူငယ်ချင်းပင် မရှိခဲ့တော့။

အိမ်တွင် သူ့အား ချစ်ကြသည် ဟု သတ်မှတ်ထားသူများ ထဲတွင် ဒေါ်ကြီးမယ်လည်း အပါအဝင် ဖြစ်ခဲ့သည် ။ ဒေါ်ကြီးမယ်အား သူ ကျောင်းပိတ်ရက်၊ အားလပ်ရက်များ တွင် မီးဖိုချောင်တွင် ဝိုင်းကူလုပ်ပေးရင်း သူ ပျော်ရွှင်ခဲ့ပါသည် ။

"အမေ့သားငယ်ကြောင့် သား ကျောင်းမှာ ဂုဏ်ငယ်တယ်၊ သူ့ကို ညီလေးလို့ လည်း မသတ်မှတ်နိုင်ဘူး၊ ကောင်မလေးလိုမျိုး လုပ်နေတာ အရမ်း ရှက်ဖို့ ကောင်းတာပဲ အခြောက်"

ကိုကိုလေး ပြောပါများ လာတော့ အမေသည် လည်း ယုံကြည်လာသည် ။ ကိုကိုလေးသည် ဖြစ်စဉ်ထက် ပိုပိုသာသာလေး များ ဖြင့် တိုင်တန်းခဲ့သည် ။

"ဟင် ငါမွေးထားတာ ယောကျ်ားလေးနော် မိန်းမလိုလို ယောကျ်ားလိုလို ဂန်ဒူးမလုပ်နဲ့ "

"သား အိမ်မှာ ပဲ ဒီလိုနေတာပါ၊ ကျောင်းမှာ ဘယ်သူနဲ့ မှ အဲလို မနေဘူး အမေ"

"တော်စမ်း ခုကတည်းက ပြန်ပြောချင်နေပြီ"

အမေသည် ကိုကိုလေး ပြောခဲ့သည့် စကားများကို ယုံကြည်ကာ ညီညီငယ်ကို ဆူပူ ကြိမ်းမောင်းခဲ့သည် ။ ဒေါ်လေးကိုလည်း ဆူသည် ။

"စန်းငွေ အငယ်ကောင်လေးက ကလေး မဟုတ်တော့ဘူး၊ ခုတောင် အလယ်တန်း တက်နေရပြီ၊ အရင်လိုမျိုး မိန်းကလေးလို မလုပ်ပေးနဲ့ တော့ နင်လည်း ကြပ်ကြပ်သတိထား"

ထိုသို့သော အပြုအမူများ ၊ ညီငယ်နှင့် ပတ်သက်ပြီးတော့ အတို့ အထောင်များကို ကိုကိုလေး နေ့တိုင်းနီးပါး လုပ်ခဲ့တော့သည် ။ ထို့ကြောင့် ကိုကိုလေးနှင့် ညီညီငယ်သည် အနီးဆုံးမှာ ရှိနေပြီး ဝေးကွာစွာ တည်ရှိနေပါတော့သည် ။

တစ်ရက်မှာ တော့ အဖေက

"သားတို့ ကို ဒီ ၉ တန်းနှစ်မှာ ပဲ အဖေတို့ အသိ ဖွင့်ထားတဲ့ ပညာရေး ဘော်ဒါဆောင်မှာ သွားထားမယ်၊ သားတို့ နှစ်ယောက်လုံး သွားရမယ်"

"ဟုတ်ကဲ့ ဖေဖေ"

"သား မသွားချင်ဘူး ဖေဖေ"

"သားငယ် မင်းက ဘာလို့ မသွားချင်တာလဲ"

"ဖေဖေတို့ မေမေတို့ နဲ့ မခွဲချင်ဘူး"

"အို"

အမေကတော့ မိန်းမသားပီပီ ညီညီငယ်အား ကရုဏာသက်စွာ ကြည့်နေသည် ။ အဖေကတော့ ပြတ်သားစွာ ပြောခဲ့သည် ။

"မင်းတို့ ကို လူကြီးအရာသွင်းမလို့ မင်းတို့ မိဝေးဖဝေးမှာ ဘယ်လိုနေသင့်တယ် ဘယ်လို ထိုင်သင့်တယ် ဆိုတဲ့ သင်ခန်းစာတွေပါ ပေးတဲ့ ပညာရေး ဘော်ဒါဆောင်က မင်းတို့ အတွက် အကောင်းဆုံးပဲ၊ ခုလိုမျိုး ပျော့ညံ့နေတဲ့ အပြုအမူမျိုးတွေ ပျောက်အောင် လုပ်ရမှာ ပဲ။ ဘာမှ အတွန့်တက်မနေနဲ့ "

ကိုကိုလေးကတော့ ဘာမှ ဝင်မပြောခဲ့ပါ။ သူ၏ သူငယ်ချင်းများ

လည်း ထို ဘော်ဒါဆောင်သို့ သွားမည်ကို သူ ကြိုတင် သိထားသဖြင့် သူ ကတော့ ဝမ်းသာသည် ။ သို့သော် ညီညီငယ် ပါလာမည်ကိုတော့ သူ သဘောမကျပါ။

"သူ မတက်ချင်နေ သားတော့ သွားတက်မှာ ပဲ"

"မရဘူး ညီအစ်ကို နှစ်ယောက်လုံး သွားရမယ်"

အဖေ၏ တစ်ချက်လွှတ် အမိန့်ကြောင့် သူတို့ နှစ်ယောက်လုံး ဘော်ဒါဆောင်ကို ရောက်ခဲ့ကြပါတော့သည် ။

***

(မြန်မာရှာ ပညာရေး ရိပ်မွန်)

ပညာရိပ်မွန်သို့ ညီညီငယ် ရောက်လာတော့ ရင်ထဲမှာ ဝမ်းနည်းစွာ ရှိနေပါသည် ။

ကျောင်းအိပ် ကျောင်းစား ဘော်ဒါဆောင်သို့ သူတို့ ညီအစ်ကို အတူ တူ ရောက်ခဲ့ကြသော်လည်း အခန်းချင်း မတူဘဲ ခွဲနေခဲ့ကြသည် ။

ဒါကလည်း ကိုကို့ဆန္ဒအတိုင်း လုပ်ခဲ့သည် ။ ကိုကိုသည် သူ့အား မည်မျှ မုန်းနေသည် ကို ထိုကျောင်းရောက်မှ သိခဲ့ပါတော့သည် ။ ညီညီ ငယ် ကျောင်းတွင် စာတော်သည် ။ ညီညီငယ် ကျောင်းတွင် စာ

တော်သည် ။ ညီညီငယ် ပထမဦးဆုံးသော ၉ တန်း လပတ် စာမေးပွဲတွင် အဆင့်တစ် ရသည့်နေ့မှ စ၍ သူ့ဘဝအစ မိုးမှောင် ကျခဲ့တော့သည် ။

ကျောင်းရီပို့တ်ကတ်များကို အိမ်သို့ ပို့ပေးခဲ့ကြသောကြောင့် အဖေနှင့် အမေ ရောက်လာခဲ့သည် ။ သူ့အတွက် ပျော်ရွှင်ခြင်းများ ဖြင့် ဂုဏ်ပြုပေးခဲ့သည် ။ ကိုကိုကတော့ အဆင့် ၃ တွင် ရောက်ခဲ့ပါသည် ။ သူတို့ညီအစ်ကိုတွေ အတွက် စားဖွယ် သောက်ဖွယ် များ ဖြင့် ရောက်လာခဲ့သော မေမေနှင့် ဖေဖေ့မျက်နှာကို ကြည့်ကာ သူလည်း ပျော်ရွှင်ခဲ့ရပါသည် ။

"သားတို့ နှစ်ယောက်က သိပ်တော်တာပဲ၊ ဒီအတိုင်းပဲ ကြိုးစားသွားကြ သားတို့ ဖြစ်ချင်တာကို လုပ်ပေးမယ်"

"ဟုတ်ကဲ့ ဖေဖေ"

"သားတို့ ၁၀ တန်းပြီးရင် ဘာတက်ကြမှာ လဲ၊ သားကြီးက စပြော"

"သားကတော့ အင်ဂျင်နီယာပဲ လုပ်မယ်"

"သားငယ်ကရော"

"သားက ဆရာဝန်ကြီး ဖြစ်ချင်တယ်၊ ဖေဖေတို့ မေမေတို့ ကျန်းမာရေးကို သားကိုယ်တိုင် ပြုစုချင်တယ်"

"အို တော်လိုက်တဲ့ သားလေး"

မေမေ၏ ချီးကျူးသံက သူ့ကို အပြည့်အဝ ပျော်ရွှင်စေပါသည် ။ ကိုကိုကတော့ သူ့ကို မလိုမုန်းတီးစွာ ကြည့်နေခဲ့သည် ကို သူ မသိခဲ့ပါ။

"ကိုကိုလေးရဲ့ ညီ ဟိုဘက်ခန်းက ညီညီငယ်ဆိုတဲ့ ကောင်ကို မင်း

သိလား နိုင်နိုင်"

"အင်း သိတယ်လေ လပတ်တုန်းက အဆင့်တစ်ရသွားတဲ့ ကောင် မဟုတ်လား ဘာဖြစ်လို့ လဲ"

"အဲကောင်က အရင်ကျောင်းမှာ နာမည်ဆိုး ရှိခဲ့တယ်ကွ"

"ဘယ်လို ဟုတ်မှ လည်း ပြောပါကွာ အောင်ခိုင်ရာ"

"ဟုတ်တယ်ကွ သူ့အစ်ကိုတောင် သူနဲ့ တစ်ခန်းထဲ မနေတာကြည့်၊ ငါတို့ က တစ်ကျောင်းထဲ နေခဲ့တဲ့ သူတွေ မသိပဲ ရှိမလားကွ"

"ဘယ်လိုဖြစ်လို့ လဲ"

"ဒီလိုကွ"

"ဟာ  အဲလိုကြီးလား"

"အေး"

ကိုကိုလေး ကြားပါသည် ။ ညီညီငယ့် မကောင်းကြောင်းတွေ ပြောနေသော သူ၏ သူငယ်ချင်း စကားများကို ကြားသော်လည်း သူ ဘာမှ ဝင်မပြောခဲ့။ သူနဲ့ မဆိုင်သလို နေခဲ့ပါသည် ။ ကျောင်းတွင် သတင်းဖြန့်နေသော သူ၏ သူငယ်ချင်းများကို ကိုကိုလေး မတားခဲ့ပါ။ ဒီအတိုင်း ကြည့်နေလိုက်ပါသည် ။

"ဟဲ့ နင်ပြောတာ သူလား"

"အေးလေ သူပဲပေါ့ အရင်ကျောင်းတုန်းကလည်း သူ့ရဲ့ အစ်ကို သူငယ်ချင်းကို သွားနမ်းတယ် ဆိုပဲ"

"ဟယ်  ရုပ်ကလေးနဲ့ မလိုက် နှမြောစရာ"

"နှမြောမနေနဲ့ ခု သူနဲ့ အတူတူနေတဲ့ သူက နင့် အစ်ကိုဆို"

"ဟယ် ငါ့အစ်ကို အခန်းကလား၊ ဒါ ဆိုရင်တော့ မဖြစ်ဘူး ငါ့အစ်ကို ကို ပြောမှ ပဲ"

စကားသံများကို ညီညီငယ် ကြားနေရသည် ။ ထိုစကားများ သည် ပို၍ ပင် ကျယ်ပြန်လာတော့သည် ။ မည်သူ့ဆီမှ စခဲ့သည် ကို ညီညီငယ် ရှာမနေတော့၊ ကိုယ်ကောင်းလျှင် ခေါင်းမရွှေ့ဟု စကားပုံ ရှိသည် မဟုတ်လား။ ညီညီငယ်နှင့် အတူ နေရသော အခန်းဖော်ရဲ့ နာမည်က နန္ဒကျော် ဖြစ်ပြီး သူ၏ အမြွှာညီမတော်သူ နန္ဒခင်သည် လည်း ထို ဘော်ဒါကျောင်းတွင် ပင် လာရောက် ပညာသင်နေသူ ဖြစ်သည် ။

"နန္ဒ ငါပြောတာ မယုံမရှိနဲ့ နော်၊ သူ့အစ်ကိုတောင် သူ့ကို ခေါ်ခေါ် ပြောပြော ရှိတာ မဟုတ်ဘူး "

"ဟာကွာ ဘာလို့ စောစောက မပြောတာလဲ အဲဒီလို စောက်ခြောက် တွေဆို ငါကသိပ်မုန်းတာ"

"ဒီကောင်နဲ့ တစ်ခန်းထဲ နေရတာကိုက မသတီလိုက်တာကွာ၊ ခုမှ အခန်းပြောင်းပေးဖို့ ပြောတော့လည်း နှစ်ပတ်တောင် ကျိုးတော့မယ်"

"မင်းကလည်း ဘာဖြစ်လဲ သူလာရင်လည်း မင်းက ပေးလိုက်ပေါ့"

"ချီးတဲ့ မှ ပဲ အောင်အောင်၊ မင်းပဲပေးလိုက် ငါ့တော့ လာမပြောနဲ့ အဲ လိုကောင်မျိုးတွေကို မုန်းတာ သတ်ပစ်ချင်လောက်အောင်ကို မုန်းတာ"

နားနေချိန်တွင် အောင်အောင် ပြောလိုက်သော စကားများကို နန္ဒ ကြားတော့ အတော်ပင် ဒေါသထွက်ခဲ့သည် ။ ကျောင်းတွင် ယောက်ျား လေး အင်အားနည်းသည် ။ သူတို့ ၉ တန်းတွင် အယောက် ၄၅ ယောက် ရှိသည့် အနက်မှ ယောက်ျားလေးက ၁၈ ယောက်လောက်ပင် ရှိသည် ။ ၁၀ တန်း အဖွဲ့နှင့်ပေါင်းမှ ၁၀၀ တွင် ယောက်ျားလေး ၄၀ ပင်

မပြည့်ချင်။

နန္ဒ ခုမှ စဉ်းစားမိသည် ။ ညီညီငယ် ဆိုသည့် သူ့အခန်းဖော်သည် အဆောင်ရောက်လျှောင် စားပွဲခုံက မထတော့ အားလုံး အိပ်ချိန်ရောက်မှ ရေချိုး သန့်ရှင်းလုပ်ပြီး အိပ်ရာဝင်သည် ။ ဘယ်တော့မှ ရေချိုးချိန်တွင် အများ တန်းတူ မချိုးခဲ့သည် ကို ခုမှ သတိထားမိသည် ။ ကျောင်းခန်းတွင် လည်း အေးဆေး တည်ငြိမ်စွာ နေတတ်သည် ။

ထို့ကြောင့် ရွယ်တူ ကောင်မလေးများက ညီညီငယ်ကို တိတ်တခိုး နှစ်သက်ကာ ကပ်ကွယ်ကြသည် ။ ညီညီငယ်ထံ စာမေး၍ ချဉ်းကပ်ကြသည် ။ ထိုအရာများကို နန္ဒလည်း မနာလိုစိတ်ကတော့ ဖြစ်မိသည် ။ သူ့လောက်မှ စာမတော်တာ ဟု သာ ဖြေသိမ့်ခဲ့သော်လည်း ခုကျတော့ အခြောက်တစ်ယောက်နဲ့ ပတ်သက်ပြီး အခြောက် လောက်တောင် အစွမ်း မရှိပါလားဟု နာကြည်းလာမိသည် ။

"ဟေ့ကောင် ညီညီငယ်"

ညီညီငယ်သည် နန္ဒခေါ်သည် ကို ဘာမှ ပြန်မပြောဘဲ ထိုင်ရာက မော့ကြည့်လိုက်ပြီး မေးဆတ်ပြလိုက်သည် ။

"မင်းက အခြောက်လား"

"ဘာကွ"

"မင်းက အခြောက်ဆို၊ တခြားကျောင်းမှာ လည်း မင်း အဲဒီလိုမျိုး လုပ်ခဲ့တယ်ဆို"

"မင်း ဘာတွေ လာပြောနေတာလဲ"

"မင်းက အားလုံးသိအောင် ပြောစေချင်လို့ လား၊ ဒါဆိုလည်း ရတယ်လေ"

ညီညီငယ်မှာ တော့ အံ့သြကာ သူ့အား မော့ကြည့်နေသည် ။

"ဟေး အားလုံး နားထောင်၊ ဒီကောင်က အခြောက်တဲ့ အရင် သူနေခဲ့တဲ့ ကျောင်းက ယောကျာ်းလေး တစ်ယောက်နဲ့ ဖြစ်ခဲ့တယ်လို့ သတင်းကြားထားတယ်"

"ဟယ် အို ဟင်" ဆိုသည့် ကောင်မလေးတွေဆီက အသံသာ ထွက်ခဲ့သော်လည်း ယောကျာ်းလေးများ ကတော့ သူ့အား လှောင်ရယ်ကာ ကြည့်နေကြပါသည် ။

ညီညီငယ် ကိုယ်များက တုန်ရီလာတော့သည် ။ ရှက်သည့်ဒဏ်ကို သူ ဘယ်လို ရင်ဆိုင်မည်နည်း။ နောက်ကွယ်တွင် ပြောသော စကားများကို ညီညီငယ် ရင်ဆိုင်နိုင်သော်လည်း ခုလို တဲ့ တိုးကြီး ပြောလာသော စကားများကို ညီညီငယ် ရှက်မိပါသည် ။

ထိုအချိန်တွင် မထင်မှတ်သော နေရာမှ မထင်မှတ်စွာ ဝင်ရောက်လာသူကတော့ နှင်းဆီ ဆိုသည့် ကောင်မလေးပင် ဖြစ်တော့သည် ။

"အဲဒီတော့ နင်နဲ့ ဘာဆိုင်လဲ နန္ဒ"

"ဟင်"

မထင်မှတ်စွာ ဝင်ပြောလိုက်သော နှင်းဆီကို နန္ဒ ကြောင်ကာ ကြည့်နေမိသည် ။

***

# အခန်း (၂)

"သူ့ဟာသူ ဟိုတုန်းက ဘာပဲဖြစ်ဖြစ် ခု သူနေတာက ဘယ်သူ့ကိုမှ ထိခိုက်နေတာ မဟုတ်ဘဲနဲ့ ၊ နင်က ဆရာကြီး ဝင်လုပ်နေရအောင် နင်ကရော ဘာကောင်မို့လို့ လဲ"

နှင်းဆီသည် လွှန်စွာလှပသော ကောင်မလေးဖြစ်ပြီး ညီညီငယ်လိုပင် စာတော်ခဲ့သူ တစ်ယောက် ဖြစ်ပါသည် ။ သူမသည် လည်း အဆင် ၂ ကို ညီညီငယ်ထက် ၂ မှတ်လျော့ပြီး အဆင့်တစ်ကို ပေးခဲ့ရသူ ဖြစ်ပါသည် ။ သူမသည် ကျောင်းတွင် ရေပန်းစားကာ နန္ဒတို့ ကျိတ်ခိုက်ခဲ့သော ကောင်မလေးပင် ဖြစ်ပါသည် ။

"နင်နဲ့ ဘာဆိုင်လို့ ဝင်ပြောတာလဲ"

"ငါနဲ့ တော့ မဆိုင်ဘူး ဒါပေမဲ့ မတရားတာကို လက်ပိုက်ပြီး ကြည့်နေမယ့် သူထဲမှာ ငါ မပါဘူး"

"သူနဲ့ ငါက တစ်ခန်းထဲ နေတာ အဲဒီလို အပြုမူမျိုး ရှိထားတဲ့ သူနဲ့ နေရတာ ငါအောက်တယ်"

"အောက်ရင် သေလိုက်ပေ့ါ၊ သူနဲ့ တစ်ခန်းထဲ နေရလို့ နင်က ဘာဖြစ်တယ် ညာဖြစ်တယ် ဆိုပြီး နင်က ပြောရအောင် နင့်ကို သူက ညည ဘာလုပ်နေလို့ လဲ"

"ဘာ"

"ဟုတ်တယ်လေ၊ နင် ပြောကြည့်စမ်း၊ သူ ညည နင့်ကို ဘာလုပ်နေလို့ လဲ ကဲပြော"

"နင်ကရော ဘာလို့ ငြိမ်ခံနေရတာလဲ၊ ပြန်ထိုးလိုက်ပါလား၊ နင့်ကို အခြောက်လို့ ပြောနေတာကို"

"ငါ ငါ ရန်မဖြစ်ချင်လို့ "

"သေလိုက်"

နှင်းဆီ ဒေါကန်စွာ အော်လိုက်သည့် အသံသည် လိုတာထက် အနည်းငယ် ကျယ်လောင်သွားသည် ။

"အဟက်"

"နင်က ဘာရယ်တာလဲ"

နှင်းဆီ နန္ဒကို ဆောင့်ကြီးအောင့်ကြီး ပြောလိုက်သည် ။

"ဘာဖြစ်လဲ ငါ့ဟာငါ ရယ်တာ၊ နင်က ဘာဆိုင်လို့ လဲ"

"အေး နင်ကမှ အခြောက် စစ်စစ်ပဲ သိလား၊ နင် ခုလိုမျိုး လာပြောနေတာကိုက မိန်းမတွေ ရန်ဖြစ်သလို လုပ်နေတာလေ"

"ဘာ ငါ မိန်းကလေးရယ် ဘာရယ် နားမလည်း ဘူးနော် ဆွဲထိုးမှာ ၊ ငါ့ကို အခြောက်လို့ ပြောတာ မှန်းတာမရှိဘူး"

"နင် လုပ်တိုင်း ခံနေမယ့်သူများ မှတ်နေလား၊ သတ္တိရှိရင် လုပ်ကြည့်လေ"

"နင်"

နန္ဒ ရှေ့သို့ တစ်လှမ်း အတိုးပဲရှိသေးသည် ။ နှင်းဆီက ဒေါက်ချွန်ကို ဘယ်အချိန်တည်းက ကိုင်ထားသည် မသိ၊ လှမ်းရွယ်လိုက်သည် ။ ညီညီငယ် မနေသာတော့ ရုတ်တရက် ထရပ်ပြီး ကျူးအော်လိုက်တော့သည် ။

"တော်ကြတော့"

"နင် အသာနေစမ်း" "မင်း နေသာသလိုနေ"

နှင်းဆီနှင့် နန္ဒ သံပြိုင်အော်ကာ ညီညီငယ်ကို အော်ပစ်လိုက်သည် ။ အောင်အောင်သည် လည်း မနေသာတော့ဘဲ နန္ဒကို လာဆွဲသည် ။ နောက်ဆုံးတော့ ကျောင်းသား ကျောင်းသူများ ဝင်ဆွဲကြသဖြင့် နှင်းဆီနှင့် နန္ဒကတော့ ဘာမှ မဖြစ်ခဲ့ပါ။ သူတို့ သုံးယောက်ကတော့ ရုံးခန်း ရောက်ခဲ့ကြတော့သည် ။ နောက်ဆုံး ရလဒ်ကတော့ ညီညီငယ် ကျောင်းတွင် အခြောက်ပဟု ရေပန်းစားသွားတော့သည် ။

နန္ဒ၊ နှင်းဆီနှင့် ညီညီငယ်တို့ ကတော့ ကျောင်းတွင်းရှိ အမှိုက်များ လိုက်ကောက်ခြင်း ပြစ်ဒဏ်ကို ခံခဲ့ရတော့သည် ။

ဆရာမကြီး ဒေါ်ဖြူဖြူဝင်း၏ ဆုံးမစကားတွင် ၁ နာရီလောက် ခံခဲ့ရသည် ။ နောက်ဆုံးအကြိမ် ခွင့်လွှတ်မည်ဟု ပြောကာ နောက်တစ်ကြိမ် ဖြစ်ခဲ့လျှင် မိဘများ ခေါ်မည် ဖြစ်ကြောင်းလည်း ပြင်းပြင်းထန်ထန် သတိပေးလိုက်တော့သည် ။ သုံးယောက်သား အမှိုက် ကောက်ရသည့် ဒဏ်ကို ခံရပြီးနောက် သူနှင့် နှင်းဆီကတော့ ရင်းနှီးသော မိတ်ဆွေများ ဖြစ်သွားခဲ့တော့သည် ။ နှင်းဆီနှင့် ပတ်သက်ပြီး ကျောင်းတွင် ရုပ်ဆိုးသော ကောင်မလေး တွယ်တာနှင့်ပါ ခင်ခွင့်ရခဲ့သည် ။ သူမကတော့ ပညာအရာမှာ တော်ပါသည် ။ ရုပ်ကတော့ ဆိုးသည် ။ သူမသည် စိတ်ထားကတော့ လှပသည် ။

သူတို့ သုံးယောက်သည် အမြဲတမ်း ကျောင်းဝင်းကြီးထဲတွင် ပေါက်

နေသော မန်ကျည်းပင် အောက်တွင် ထိုင်ကာ စကားပြော စာကျက်ကြခြင်းဖြင့် ရင်းနှီးမှု ပိုများ လာတော့သည် ။

"ညီညီငယ်"

"အင်း ပြော"

"နင် တကယ်ပဲ ဟိုကျောင်းတုန်းက တစ်ယောက်ကို နမ်းခဲ့တာလား"

"ဟာ နင်က ဘာလို့ လာမေးတာလဲ တွယ်တာ"

သူတို့ နှစ်ယောက် ပြောနေသည် ကို နှင်းဆီ ကြည့်နေပါသည် ။

"သြော် ဘာရယ် မဟုတ်ပါဘူး၊ သိချင်လို့ ပါဟ"

"မဟုတ်ပါဘူး လုပ်ကြံခံရတာ"

"ဟဲ့ နင့်စကားကြီးကလည်း ဘာတုံး"

"ငါပြောရင် ဘယ်သူကမှ ယုံတာမှ မဟုတ်တာ"

"အို မဟုတ်တာ ငါတို့ က သူငယ်ချင်းတွေလေ မယုံဘဲ ရှိပ့ါမလား"

"နင်တို့ မပြောနဲ့ ငါ့မိဘတွေတောင် မယုံတာ ဘယ်သူက ယုံကြမှာလဲ"

နှင်းဆီ ညီညီငယ်ကို ကရုဏာသက်စွာ ကြည့်လိုက်ပြီး။

"ညီညီငယ် နင် စာတွေဖတ်လား"

"ဖတ်တာပေ့ါ၊ ငါစာတွေပဲ ဖတ်တာ ကျက်တာ၊ ငါ့ဘဝမှာ နင်တို့ နဲ့ မတွေ့ခင်ကတော့ စာတွေက ငါ့သူငယ်ချင်း၊ အရင်းနှီးဆုံး မိတ်ဆွေတွေပဲ၊ ငါချစ်ခဲ့တာလည်း စာတွေပဲ"

"ငါပြောတာ အပြင်စာတွေပြောတာ၊ ပညာပေး စာတွေ၊ ဆေးစာတွေ၊ ဗဟု သုတ စာတွေ ရှင်းရှင်းပြောရရင် ဝတ္ထုတွေ၊ ဆောင်းပါးတွေ"

"ဩော်"

"ဖတ်ဖြစ်လား"

"ဟင့်အင်း ကျောင်းစာတွေပဲ ဖတ်တယ်"

"နင်တို့ ငါတို့ ဆိုတာလေ မြိုးကောင်ပေါက် အရွယ်တွေတဲ့ "

နှင်းဆီက ဆရာမကြီးဂိုက် ဖမ်းကာ သူတို့ နှစ်ယောက်ကို ရှင်းပြနေသည် ။ သူတို့ နှစ်ယောက်ကလည်း မျက်လုံးလေး ကလယ် ကလယ်ဖြင့် နားထောင်နေကြပါသည် ။

"မြိုးကောင်က ဘယ်လိုပေါက်တာလဲ"

တွယ်တာ၏ မေးခွန်းကြောင့် နှင်းဆီပင် ကြောင်ကာသွားသည် ။

"မြိုးကောင်ပေါက်ဆိုတာ ပေါက်ချင်လို့ ပေါက်တာတဲ့ "

"သေနာ ညီငယ် နင်ပဲ ပေါက်၊ စကားအကောင်းကို မပြောရဘူး"

"အဟီး ပြောပါ ပြောပါ ဆောရီး"

နှင်းဆီ သူတို့ နှစ်ယောက်ကို မျက်စောင်းထိုးလိုက်သည် ။

"ဒီလိုအချိန်ဆို စိတ်ကစားတတ်ကြတယ်၊ ထူးဆန်းတာတွေ လုပ်ချင်လာကြတယ်၊ သစ်ရွက် ကြွေတာကအစ ရယ်ချင်တတ်ကြတယ်၊ ဘာမဟုတ်တာလေးကိုက မြင်မြင်သမျှကို စူးစမ်းချင်လာကြတယ်၊ လူပျိုဖော် အပျိုဖော် ဝင်တဲ့ အချိန်ပေါ့ဟယ်"

"ဩော်"

"ဒီလို အချိန်ကျရင် မိဘတွေက စိုးရိမ်လာကြတယ်၊ လမ်းမှားရောက်မှာ ကိုလည်း ကြောက်ကြတယ်၊ ကလေးတွေလို့ သတ်မှတ်ထားတဲ့ ငါတို့ တွေကိုပေါ့ သိပ်ပြီး နေရာ မပေးချင်ကြဘူး၊ အကဲတက်သွားမှာ စိုးလို့ လည်း ပါတယ်"

ညီညီငယ်နှင့် တွယ်တာကတော့ နှင်းဆီကို အားကျသလို ကြည့်နေကြသည် ။ သူတို့ မသိသော အရာများကို နှင်းဆီ သိနေသည် မဟုတ်လား။

"အဲဒါကြောင့် နင့်မိဘတွေက နင့်ကို စိုးရိမ်လို့ ဂရုစိုက်ရင်း ဒီလို ဖြစ်သွားတာနေမှာ ပါ"

"နင် သိပ်တော်တယ်"

"အေး ဟုတ်တယ်၊ နင်က စာတင်မကဘူး ဗဟု သုတတွေလည်း ရှိတယ်"

"အဟင်း အဲဒါ ငါ့ဖေဖေရဲ့ ကျေးဇူးတွေလေ၊ ငါ့ဖေဖေက ငါ အလယ်တန်းမှာ ငါ့ကို ဗဟု သုတ စာတွေဖတ်ဖို့ တိုက်တွန်းတယ်၊ ကျောင်းပိတ်ရက် ဆိုရင် ငါက ငါ့ဖေဖေနဲ့ အတူ စာကြည့်ခန်းထဲမှာ တစ်နေကုန် ထိုင်နေတော့တာပဲ"

ညီညီငယ်က အားကျသလို ကြည့်သည် ။ တွယ်တာကတော့ ဝမ်းနည်းစွာ ကြည့်သည် ။

"နင် ကံကောင်းလိုက်တာဟယ်၊ ငါ့မှာ တော့ အဖေဆိုတာ ဘယ်သူမှန် မသိခဲ့ရဘူး"

"အို တွယ်တာကလည်း "

နှင်းဆီက တွယ်တာကို ဖက်ပြီး နှစ်သိမ့်ရှာသည် ။ ညီညီငယ်က

တော့ ရင်ထဲကနေပြီး ပြောလိုက်သည် ။ (နင်တို့ နှစ်ယောက်လုံးက ငါ့ထက် ပိုကံကောင်းကြပါတယ်)

***

နှင်းဆီသည် ညီညီငယ် ကျောင်း၏ ဧည့်တွေ့ခန်းမှ ပြန်လာသည် ကို ကြည့်နေပါသည် ။ ညီညီငယ် မျက်နှာ မကောင်းစွာ ပြန်လာသည် ကို ကြည့်ရင်းမှ သိနေသည် ။

"နင် ဘာဖြစ်လာတာလဲ ညီငယ်"

နှင်းဆီ အနားသို့ ညီညီငယ် ရောက်လာသည် ကိုပင် သတိမထားမိ၊ နှင်းဆီအသံ ကြားမှ အသိဝင်လာသည် ။

"ဖေဖေတို့ မေမေတို့ လာလို့ သွားတွေ့တာ"

"ဟဲ့ အဲဒါ ပျော်ရမှာ ပေါ့"

မေးသူရှိမှ ပိုဝမ်းနည်းလာသည် ။ ငိုချင်နေသည့် ကလေးအား လက်တို့ သလို ဖြစ်နေတော့သည် ။

"ဟိုရက်က ရုံးခန်းရောက်သွားတာကို သိလို့ ဆူသွားတာ"

မျက်ရည်ဝိုင်းများ ဖြင့် ပြန်ဖြေသော ညီညီငယ်ကို ကြည့်ကာ နှင်းဆီ စိတ်ပျက်စွာ ကျွတ်သက်လိုက်မိသည် ။

"အဲဒါ နင် ရှင်းပြရမှာ ပေါ့"

"ငါပြောတာကို လက်မခံကြဘူးဟာ၊ သူတို့ က ငါ့ကိုပဲ ဆူသွားတယ်
"

"နေပါဦး၊ နင့်မိဘတွေက ဘယ်လို သိသွားတာလဲ၊ ဆရာမက ပြော လိုက်လို့ လား"

"မသိတော့ပါဘူးဟာ"

သူတို့ နှစ်ယောက် ရပ် စကားပြောနေချိန်တွင် ကိုကိုလေး ရောက် လာပါသည် ။

"မင်းက နှင်းဆီနဲ့ သိနေတာလား"

"ဟုတ် ကျွန်တော့် သူငယ်ချင်းပါ"

နှင်းဆီကို ကိုကိုလေး တစ်ချက် ပြုံးပြလိုက်ပြီး။

"ကျွန်တော့်နာမည် ကိုကိုလေးပါ"

"ကျွန်မ သိပါတယ်"

နှင်းဆီသည် နှုတ်မှ ကျွန်မဟု ပြောသော စကားသည် ပထမဦးဆုံး ကြားရသည့် မိမိကိုယ်ကို သုံးနှုန်းကာ သူစိမ်းယောကျ်ား ရွယ်တူကို ပြောလိုက်သည့် စကားဖြစ်ပါသည် ။ ကိုကိုလေး ဘာပြောရမှန်း မသိ တော့ဘဲ အီလည်လည် ဖြစ်သွားတော့သည် ။

"ဒါဆို ငါသွားတော့မယ်၊ ညီညီငယ် နှင်းဆီ ကျွန်တော် သွားဦးမယ်"

"ကောင်းပါပြီ"

ကိုကိုလေး ထွက်သွားပြီး အနည်းငယ် အလှမ်းဝေးတော့မှ ။

"နှင့်အစ်ကိုဆိုတာ သူလား"

"အင်းလေ နှင် မသိဘူးလား"

"မသိပါဘူး နှင့်အစ်ကိုဆိုတာ သူ ဖြစ်နေတာကိုး"

"နှင်က ငါ့အစ်ကိုနဲ့ ခင်လို့ လား"

"ဟယ် မသိပါဘူး"

"နှင်ပြောတော့ ငါ့အစ်ကိုနဲ့ ခုနကပြောတာ သိတယ်ဆို"

"နှင့်အစ်ကို ဆိုတာကို ခုမှ သိတာ အဲဒီလူနဲ့ သိတာ ဟာ မပြောချင်ဘူး"

"ဟင် ဘာကြီးလဲဟ နှင်က ဘယ်လိုသိတာတုံး"

"ခပ်ပါးပါးလေးပါဟယ် သိပ် မသိချင်နဲ့ "

"နှင်က သူ့ကျတော့ ကျွန်မလို့ နာမ်စားသုံးပြီး ပြောတယ်နော်"

"အေး မရင်းနှီးချင်လို့ တမင် သုံးလိုက်တာ"

"သြော် ဒီလိုလား"

ညီညီငယ်ကတော့ နှင်းဆီ၏ ခပ်ပါးပါးကို သိပ်မတွေးတော့ သူလည်း ခပ်ပါးပါး ခေါင်းရှုပ်သွားပါတော့သည် ။ နန္ဒ ခုတစ်လော ငြိမ်နေသည် ။ အဘယ့်ကြောင့် ဆိုသော် နန္ဒစိတ်တွင် မိမိအား စိတ်ဆိုးကာ ပြောသွားသော နှင်းဆီဆိုသည့် ကောင်မလေးကို စွဲလမ်းနေမိသည် ။

မျက်စိမှိ တ်တိုင်း နှင်းဆီ၏ ဒေါသဖူးဖူး နှုတ်ခမ်းလေးကို သတိရနေမိသည် ။ သူ နှင်းဆီကို ချစ်နေမိပြီလား။

"ဟေ့ကောင် နန္ဒ ဘာဖြစ်နေတာလဲ၊ မင်းမျက်လုံးက အဲဒီ အခြောက်

ကောင်ဆီပဲ ရောက်ရောက်နေတယ်"

အောင်အောင်ပြောလည်း ပြောချင်စရာ၊ နှင်းဆီနှင့် ညီညီငယ်က ခုံတွဲကာ ထိုင်နေသည် ။ သူတို့ ကျောင်းက စိတ်ကြိုက် ထိုင်ချင်သည့် နေရာကို ထိုင်နိုင်သည့်အတွက် ထိုအခွင့်အရေးသည် ညီညီငယ် ရနေပါသည် ။

"ထွီ ဘယ်ကလာ နှင်းဆီကို ရှိုးနေတာကွ"

"ဟား ဟား ငါသိပါတယ်၊ တမင်ပြောလိုက်တာ ဘယ်လိုလဲ မင်း သူ့ကို ကြိုက်နေပြီလား"

"အေး"

"ဒါဆို လိုက်ကွာ"

"ဟို အခြောက်က ကိုးလို့ ကန့်လန့်နဲ့ ကွာ နေရာတကာ ပါနေတယ်"

"ဟ ဘာဖြစ်လဲ ရှင်းပေါ့ကွ"

"ဘယ်လို လုပ်ရမှန်း မသိပါဘူးကွာ"

"မင်းကလည်း ညံ့ပဲ့"

"မသိတော့ဘူးကွာ"

နန္ဒ စိတ်ပျက်စွာ ညည်းတွားမိတော့သည် ။

"နှင်းဆီ နှင်းဆီ"

နှင်းဆီ ကျောင်းဧည့်ခန်းတွင် ဖေဖေ၊ မေမေတို့ နှင့် တွေ့ပြီး ပြန်လာတာ ဖြစ်ပါသည် ။ နောက်မှ တဖတ်ဖတ်နှင့် ပြေးလိုက်သည့် နန္ဒခေါ်သံကိုလည်း ကြားပါသည် ။ နန္ဒကိုလည်း သူ့မိဘများ နှင့် ဧည့်ခန်းမှာ တွေ့ခဲ့ပါသည် ။

"ဘာတုံး ဘာဖြစ်လို့ နောက်က လိုက်နေတာလဲ"

"ဟာ နှင်းဆီကလည်း စိတ်ဆိုးနေတုန်းလား"

"အလိုတော် ငါက ဘာကို စိတ်ဆိုးနေရမှာ လဲ"

"ဟိုတစ်ခါ ညီညီငယ်နဲ့ ပတ်သက်ပြီး ဖြစ်ထားတာကို ပြောတာပါ"

"အို ဘာမှ မဆိုင်တာ စိတ်ဆိုးစရာ ဘာမှ မရှိပါဘူး"

"တကယ် ဝမ်းသာလိုက်တာဟာ နင်က စိတ်ဆိုးနေတာမှတ်ပြီး ငါက မခေါ်ရဲ့ လို့ "

နှင်းဆီ မျက်စောင်းခဲကာ နန္ဒကို ကြည့်လိုက်သည် ။

"ကဲ ဘာတုံး ဘာပြောမလို့ လဲ"

"နင့်ကိုလေ နင့်ကို ငါ ငါ ဟိုဟာ"

"တော် ဆက်မပြောနဲ့ နင်ပြောမှာ ကို ငါသိတယ်၊ အေး တစ်ခါတည်း ပြောလိုက်မယ် နင့်ကိုတော့ ငါခင်ပါတယ်၊ ရှေ့ဆက်ဖို့ တော့ မကြိုးစားနဲ့ "

"ဟာ ဘာဖြစ်လို့ လည်း ဟာ ငါက တကယ်ချစ်လို့ ပါ"

"နင်ကလေ ပြောလေဆိုးလေပဲ၊ နင်က ငါ့ကို ကြိုက်နေတယ် ထင်လို့ ပါ၊ တကယ်တော့ နင် စိတ်ကစားတာ သိလား၊ နင် ညီညီငယ်လိုသာ ကြိုးစားစမ်းပါ၊ ကြည့် ညီညီငယ်ဆို ဘယ်လောက် တည်တံ့လဲ၊ သူ့ ဣန္ဒြေနဲ့ သူနေတယ်၊ ဘယ်လောက် လေးစားဖို့ ကောင်းလဲ၊ ဒါမျိုးတွေကို လေ့လာ သင်ယူစမ်းပါ၊ မဟုတ်တာကို စိတ်ထဲမထားနဲ့ နင်လည်း ငယ်သေးတယ်၊ ငါလည်း ငယ်သေးတယ် မဖြစ်နိုင်တာကို မတွေးနဲ့ "

နန္ဒ ကျွဲမြီး တိုသွားသည် ။ သူ အမုန်းဆုံးလူနှင့် ခိုင်းနှိုင်းကာ ပြော

နေသည် ကို မကျေနပ်၊ သူ့အား မုန်းသည် ဟု ပြောသွားလျှင် သူ ခံသာသေးသည် ခုတော့...

"နောက်တစ်ခု ညီညီငယ်ကို နင်တို့ က အခြောက် အခြောက်နဲ့ ပြောနေတာ၊ ကျောင်းထဲမှာ ကြည့်စမ်း ညီညီငယ် ခြောက်နေတာကို နင် မြင်ဖူး တွေ့ဖူးလို့ လား၊ မဟုတ်တမ်းတရား ပြောတဲ့ စကားတွေကို နင်ယုံတာကိုက နင့်အတွက် အမှားပဲ၊ ကဲ ငါသွားတော့မယ်၊ သြော် နဖူးပေါ်လက်တင်ပြီး စဉ်းစားကြည့်လိုက် နင်နဲ့ ညီညီငယ် ဘယ်သူ သာလဲလို့ "

နှင်းဆီကတော့ နန္ဒအပေါ်တွင် ညီညီငယ်အား စော်ကားခဲ့သည် ကို မကျေနပ်သေး၍ စိတ်ထဲ ရှိသည် များကို သာသာလေး နှက်ခဲ့ပါသည် ။ နှင်းဆီ၏ အနိုင်ယူလိုသည့် စိတ်ကလေးဖြင့် ပြောဆိုခဲ့သော စကားများသည် ညီညီငယ်အပေါ် အမှားကြီးတစ်ခု သက်ရောက်ဖို့ တွန်းအားပေးခဲ့သည့် စကားသာ ဖြစ်ခဲ့သည် ကို နှင်းဆီ ကြိုသိမယ် ဆိုခဲ့လျှင် ထိုစကားကို ပြောခဲ့မည် မဟုတ်ချေ။

***